ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၇/၂၀၁၅)

| | |
|---|---|
| Mr.Kuan Howard Huai-Chih(ပိုင်ရှင်)<br>Chinese၊ PP No.135194971<br>North Shore အထည်ချုပ်စက်ရုံ၊<br>အမှတ်(၁၆/၁၇)၊ မြဝတီမင်းကြီးလမ်း၊<br>စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးထွန်းမင်းလတ်ပါ(၇)ဦး၊<br>အမှတ်(၁၆၅)၊ မြို့ပတ်လမ်း၊<br>(၁/၁၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၁၆/၁၇)ရှိ North Shore အထည်ချုပ်စက်ရုံပိုင်ရှင် Mr.Kuan Howard Huai-Chih နှင့် အလုပ်သမား ဦးထွန်းမင်းလတ်ပါ(၇)ဦးတို့ဖြစ်ပွားကြသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၇၇/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်သမား (၂၀၄) ဦးတို့ကို အင်အားလျှော့ချခဲ့၍ အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုသည်မှ ဖြစ်ပွား လာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေါ် တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား (၂၀၄) ဦးတို့ကို အင်အားလျှော့ချခံရ၍ အလုပ် ပြန်လည်ခန့်ထားပေးရန်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ဝန်ထမ်းအင်အားလျှော့ချခဲ့သောအလုပ်သမား၂၀၄ဦးအနက် အလုပ်ရပ်စဲမှုနစ်နာကြေး ထုတ်ယူပြီးသောသူများမှအပ ကျန်အ လုပ်သမားများအား မူလရာထူး၊ မူလလစာ၊ မူလလုပ်သက်မပြတ် ဖြင့်ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ နောက်(၇)ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန်၊

(ခ) ကြားကာလနစ်နာကြေးအား ဝန်ထမ်းအင်အား လျှော့ချ သည့်၉-၉-၂၀၁၅ရက်နေ့မှစ၍အလုပ်ပြန်လည်ခန့်အပ်သည့်နေ့အထိ ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ(OT)မပါဖြင့် ပေးရန်ဆုံး ဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၇၇/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှု မရှိသဖြင့် North Shore အထည်ချုပ်စက်ရုံပိုင်ရှင် Mr.Kuan Howard Huai-Chih မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၅)ဖြင့် ခုံသမာဓိကောင်စီ အမှု အမှတ်(၄၇/၂၀၁၅) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထား များ၊ စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ် လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား(၂၀၄)ဦးသည် အလုပ်လျှော့ချခံရ၍ အလုပ်ပြန်လည် ခန့်ထားပေးရန်။

**သုံးသပ်ချက်အမှတ်(၁)။**

အလုပ်ရှင်သည် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်နှင့် အညီ ၁-၉-၂၀၁၅ ရက်နေ့မှစ၍ အခကြေးငွေကိုပေးရမည်ဖြစ်သဖြင့် ကုန်ကျငွေကာမိစေရန် အဓိကထား၍လည်းကောင်း၊ အမှာစာ နည်း ပါးခြင်းနှင့် အထည်ချုပ်ရာတွင် သတ်မှတ်ရက်အတွင်း မပြီးသဖြင့် လေယာဉ်ဖြင့် ကုန်ပို့ရ၍ အပိုကြေးပေးဆောင်ရခြင်း တို့ကြော င့် လည်းကောင်း၊အလုပ်သမား ၂၀၄ ဦးကိုအင်အားလျှော့ချခဲ့ပါသည်။

ထိုလျှော့ချခဲ့သည့် အလုပ်သမားများအနက် (၁၆၁) ဦး ထ အလုပ်ရှင်မှ ထုတ်ပေးသည့် အလုပ်ထုတ်နစ်နာကြေး၊ အလုပ်ထုတ် မှုအတွက် နို့တစ်မပေးသဖြင့် နို့တစ်ကြေးတို့ကို ရယူသွားကြပြီဖြစ် ၍ အင်အားလျှော့ခံရသည့် အလုပ်သမား (၄၃)ဦးသာ ကျန်ရှိပါ တော့သည်။

North Shore အထည်ချုပ်လုပ်ငန်းသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်သော လုပ်ငန်းဖြစ်ပြီး အလုပ်သမားများနှင့် ပတ်သက်၍ ခံစားခွင့်အများစုကို ဥပဒေနှင့် အညီခွင့်ပြုသည့် သဘောတွေ့ရပါသည်။ ထိုလုပ်ငန်းအနေဖြင့် အ လုပ်သမားအင်အားလျှော့ချရာတွင် တစ်စုံတစ်ရာ စည်းကမ်းချက် ထား၍ ဆောင်ရွက်သည်ဟုတင်ပြသော်လည်း မည်သည့်အချက်ကို မည်သို့အခြေခံ၍ ဆောင်ရွက်ကြောင်း တင်ပြနိုင်ခြင်းမရှိပါ။ အင် အားလျှော့သင့်သော အလုပ်သမားများပါရှိသော်လည်း မလျှော့သင့် သော အလုပ်သမားများလည်း ပါရှိနေကြောင်း ထွက်ချက်များအရ သိရပါသည်။

အလုပ်သမား(၁၆၁)ဦးအထိ လျှော့ချပြီးဖြစ်၍ ကျန်ရှိသော အင်အားလျှော့ချခြင်းခံရသော အလုပ်သမား(၄၃)ဦးအား အလုပ် ပြန်လည်ခန့်ထားခြင်းအားဖြင့် လုပ်ငန်းခွင်တွင် အဆိုးထက် အ ကောင်းကိစ္စများပေါ်ပေါက်နိုင်သည်ဟု သုံးသပ်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်ပါသည် -

**ဆုံးဖြတ်ချက်အမှတ်(၁)။**

(က) အင်အားလျှော့ချခံရပြီး အလုပ်ရပ်စဲမှုနစ်နာကြေးမယူသည့် အလုပ်သမား(၄၃)ဦးအား မူလရာထူး၊ မူလနေရာတွင် ပြန်လည်ခန့် ရန်နှင့် ထိုအလုပ်သမားများနှင့် ရာထူးတူညီသည့် အလုပ်သမား

အားလက်ရှိအချိန်တွင် ခွင့်ပြုသည့်လစာဖြင့် ဤဆုံးဖြတ်ချက် ခ
မှတ်သည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း အလုပ်ပြန်လည်ခန့်ထာ
ရန်၊

(ခ) ၉-၉-၂၀၁၅ ရက်နေ့မှ အလုပ်ပြန်လည်ခန့်အပ်သည့်နေ့အထ
ကြားကာလနစ်နာကြေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လလစာမှ အချိန်
လုပ်ခမပါသည့်ငွေဖြင့် တွက်ချက်ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

၂၃။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေ
ရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွား
ဖြေရှင်းရေးနည်းဥပဒေ ပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်
ရမည်။

| | | |
|---|---|---|
| ဦးသန်းအောင် | ဦးအောင်သန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |